JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**စက်တင်ဘာ ၂၂ ၊ ၂၀၂၂၊ မြန်မာ**

# မြန်မာစစ်လက်နက်ပွဲစားများအား ဒဏ်ခတ်ပိတ်ဆို့မှုများ ချက်ချင်းချမှတ်ရန် အီးယူကို Justice For Myanmar တောင်းဆို

မြန်မာနိုင်ငံအပေါ် အီးယူရဲ့ နောက်ဆုံးအသုတ်ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခဲ့တာ ခုနှစ်လကျော်ကြာမြင့်လာခဲ့ချိန်မှာ တရားမဝင်စစ်ကောင်စီရဲ့ အကြမ်းဖက်စစ်ဆင်ရေးကလည်း အဆင်ခြင်မဲ့လေကြောင်းတိုက်ခိုက်မှုတွေ၊ ဖုံးကြဲတိုက်ခိုက်တာတွေ၊ နိုင်ငံရေးအကျဉ်းသားတွေကိုသေဒဏ်ချကွပ်မျက်တာတွေ၊ ကျောင်းနေကလေးသူငယ်တွေကို သတ်ဖြတ်တာတွေနဲ့ ပိုပြီးပြင်းထန်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း အနည်းဆုံးကျောင်းနေကလေးသူငယ် ၁၁ ဦး သတ်ဖြတ်ခံခဲ့ရပြီး၊ အဲ့ဒါဟာ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလမှာ မြန်မာစစ်တပ်ရဲ့ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း တိုက်ခိုက်မှုတစ်ခုအတွင်း ကလေးသူငယ်သေဆုံးခဲ့မှု အရေအတွက်အများဆုံးမှတ်တမ်း ဖြစ်ပါတယ်။

စစ်ကောင်စီအနေနဲ့ ဥရောပသမဂ္ဂအတွင်းက အပါအဝင် ဘဏ္ဍာငွေတွေ၊ စစ်လက်နက်တွေနဲ့ ဆက်စပ်ပစ္စည်းတွေ ဆက်ပြီးရရှိနေတာဟာ သူတို့ကို ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေကို ဆက်ပြီးကျူးလွန်နိုင်အောင် ကူညီပေးနေခြင်း ဖြစ်ပါတယ်။

စစ်ကောင်စီရဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီနေတဲ့ စစ်လက်နက်ပွဲစားတွေကို ဦးတည်ပြီး၊ အီးယူအနေနဲ့ နောက်ထပ်တစ်ကြိမ် အရေးတကြီးဒဏ်ခတ်ပတ်ဆို့မှုတွေ ချမှတ်ဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ယင်းလုပ်ငန်းတွေမှာ ပါဝင်ခဲ့ပြီး၊ မဖြစ်မနေ ဒဏ်ခတ် ပိတ်ဆို့မှုတွေ ချမှတ်ဖို့ လိုအပ်တဲ့ ကုမ္ပဏီ ၃၁ ခုကို ကျွန်ုပ်တို့ ရှာဖွေဖော်ထုတ်ခဲ့ပြီး ဖြစ်ပါတယ်။

အီးယူအနေနဲ့ အခုချိန်အထိ အဲ့ဒီ ရှာဖွေဖော်ထုတ်မှတ်တမ်းတင်ထားတဲ့ ကုမ္ပဏီ ၃၁ ခုတို့ထဲက ထူးကုမ္ပဏီအုပ်စု တစ်ခုတည်းကိုပဲ ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ထားခြင်း ဖြစ်တယ်။

ကျွန်ုပ်တို့ ဖော်ထုတ်ထားတဲ့ တချို့သောစစ်လက်နက်ပွဲစားတွေဟာ အီးယူနဲ့ စီးပွားရေး ချိတ်ဆက်မှုတွေရှိကြောင်း အတည်ပြုထားနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အဲ့ဒီစစ်လက်နက်ပွဲစားတွေမှာ-

၁။ <u>Dynasty Group နဲ့ သူရဲ့ကုမ္ပဏီခွဲတွေ</u> - သူတို့ဟာ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ရုရှားနိုင်ငံက Mi-17 ဟယ်လီကော်ပတာတွေအတွက် ပစ္စည်း အစိတ်အပိုင်းတွေကို တင်သွင်းခဲ့ပါတယ်။ Dynasty International Company Limited က ဂျာမဏီကုမ္ပဏီ Grob Aircraft SE ဆီက လေယာဉ်အုပ်စု တစ်စုကို ဝယ်ယူခဲ့ပြီး၊ နောက်ပိုင်းမှာ စက်ပစ္စည်းအစိတ်အပိုင်းတွေ ဝယ်ယူခဲ့ပါတယ်။ Dynasty Group ကို ယူကေက ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ထားပြီး၊ သူ့ရဲ့ ဒါရိုက်တာဖြစ်တဲ့ အောင်မိုးမြင့်ကို ယူကေနဲ့ ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ထားပါတယ်။

၂။ <u>KT Group, Ky-Ta Group နဲ့ သူတို့ရဲ့ ကုမ္ပဏီခွဲတွေ</u> - သူတို့က ပြင်သစ်ကော်ပိုရေးရှင်း Thales ဆီက ကမ်းရိုးတန်းစောင့်ကြည့်ရေး ရေဒါတွေအပါအဝင် စစ်လက်နက်နဲ့ စက်ပစ္စည်းတွေကို မြန်မာစစ်တပ်အတွက် ဝယ်ယူပေးထားပါတယ်။ သူတို့အနေနဲ့ မြန်မာစစ်တပ်နဲ့ လုပ်ဆောင်နေဆဲ စီးပွားရေးလုပ်ငန်းတွေရှိပြီး၊ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို ငွေကြေးထောက်ပေးနေတာပါ။ KT Services & Logistics နဲ့ သူရဲ့ ဒါရိုက်တာဖြစ်သူ ဂျွန်နသန်မျိုးကျော်သောင်းကို အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားပါတယ်။

၃။ <u>Mega Hill General Trading</u> - အဲ့ဒီကုမ္ပဏီဟာ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း လေကြောင်းရန်ကာကွယ်ရေးစစ်လက်နက်အထိုင်စက်တစ်လုံး ဝယ်ယူရာမှာ ပွဲစားအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး၊ အီးယူနဲ့ အမေရိကန်ကုမ္ပဏီတွေဆီက ပစ္စည်းကိရိယာတွေကို မြန်မာစစ်တပ်အတွက် ဝယ်ယူပေးထားပါတယ်။

၄။ <u>Miya Win International</u>- ဒီကုမ္ပဏီဟာ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ဩစတြေးလျကုမ္ပဏီ Schiebel Corporation ဆီက မောင်းသူမဲ့လေယာဉ်ငယ် (ယူအေဗွီ) တွေကို ဝယ်ယူထားပြီး၊ စက်ပစ္စည်းအစိတ်အပိုင်းတွေကို လက်ခံရယူထားပါတယ်။ Miya Win International ကုမ္ပဏီကို ယူကေနိုင်ငံက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားပါတယ်။

၅။ Myanmar Chemical & Machinery (MCM) - အဲ့ဒီကုမ္ပဏီက တင့်ကားတွေအပါအဝင် စစ်လက်နက်တွေနဲ့ ဆက်စပ်ပစ္စည်းတွေကို ဝယ်ယူထားပြီး၊ တရုတ်နိုင်ငံပိုင်ကုမ္ပဏီ CATIC နဲ့အတူ မြန်မာနိုင်ငံမှာ K-8 အမျိုးအစား လေ့ကျင့်ရေးဂျက်လေယာဉ်တွေထုတ်လုပ်တဲ့ စစ်လက်နက် ထုတ်လုပ်ရေးနဲ့ နည်းပညာလွှဲပြောင်းပေးအပ်ရေးစီမံကိန်းတစ်ခုမှာလည်း ပါဝင်ထားပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ယူကေနဲ့ (သို့မဟုတ်) ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ပြီးဖြစ်ပေမယ့်လည်း အီးယူက အရေးယူဆောင်ရွက်ဖို့ ကြန့်ကြာနေတဲ့ တခြားသော အရေးပါတဲ့ စစ်လက်နက်ပွဲစားတွေမှာ International Gateways Group, Star Sapphire Group, Sky Aviator နဲ့ Synpex Shwe တို့ ပါဝင်ပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က မြန်မာစစ်ကောင်စီရဲ့ အရေးပါတဲ့ စစ်လက်နက်ပွဲစားတစ်ဦးကို မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု စွပ်စွဲချက်တွေနဲ့ ထိုင်းနိုင်ငံမှာ ဖမ်းဆီးခဲ့ပါတယ်။

စစ်လက်နက်ရောင်းဝယ်မှုတွေမှာ ထွန်းမင်းလတ်ရဲ့ လူသိရှင်ကြားပါဝင်မှုတွေ ရှိနေပေမယ့်လည်း သူ့အနေနဲ့ နိုင်ငံတကာ ဒဏ်ခတ်ပိတ်ဆို့မှုတွေကနေ လွတ်မြောက်နေဆဲ ဖြစ်ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ပြီးခဲ့တဲ့နှစ်က အီးယူအဖွဲ့ဝင်နိုင်ငံတွေက မြန်မာစစ်တပ်ဆီ စစ်လက်နက်စီးဆင်းမှု ရပ်တန့်ရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံမှာ မဲပေးထောက်ခံခဲ့ ကြပါတယ်။

"အီးယူအနေနဲ့ စစ်လက်နက် ပွဲစားတွေနဲ့ စစ်ကောင်စီရဲ့ အခြားသောစီးပွားရေးလုပ်ငန်းအားလုံးအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ တိုးမြှင့်ချမှတ်ပြီး၊ စစ်ကောင်စီရဲ့ စစ်လက်နက်ရရှိမှုကို ဖြတ်တောက်ဖို့ အားကောင်းခိုင်မာတဲ့ လုပ်ဆောင်ချက်တွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

"စစ်ကောင်စီက စစ်လက်နက်တွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့ ဘဏ္ဍာငွေတွေ လက်လှမ်းမီရရှိနေသ၍ သူတို့အနေနဲ့ မြန်မာပြည်သူတွေအပေါ် သူတို့ရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို ဆက်ပြီးလုပ်ဆောင်နေ နိုင်မှာဖြစ်ပြီး၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိဘဲ ဆက်ပြီးကျူးလွန်နေမှာ ဖြစ်ပါတယ်။

"အခုရက်သတ္တပတ်အတွင်း စစ်ကောင်စီက စာသင်ကျောင်းကို တိုက်ခိုက်မှုအတွင်း အနည်းဆုံး ကလေးသူငယ် ၁၁ ဦးကို သတ်ဖြတ်ခဲ့ပြီး၊ အရင်းအမြစ်တွေကို ရရှိနေသ၍ ဆက်ပြီးရမ်းကား နေဦးမှာ ဖြစ်ပါတယ်။

"အီးယူအနေနဲ့ မြန်မာပြည်သူတွေနဲ့အတူ ရပ်တည်ပေးပြီး၊ စစ်လက်နက်ပွဲစားတွေကို ယခုချက်ချင်း ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်!" လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

မြန်မာစစ်တပ်အတွက် စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ပွဲစားလုပ်ဝယ်ယူပေးနေသည့် ကုမ္ပဏီများအကြောင်း ကျွန်ုပ်တို့၏ ရေးသားဖော်ထုတ်မှုကို ယခုနေရာတွင် ဖတ်ရှုပါ။

မြန်မာစစ်တပ်အတွက် ရုရှားနိုင်ငံမှ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ပေးသွင်းနေသည့် ကုမ္ပဏီများအကြောင်း ကျွန်ုပ်တို့၏ ရေးသားဖော်ထုတ်မှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေရန်၊ စစ်တပ်စီးပွားရေးများ အဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror: https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/